## သာမန်ကာလ ဆဌမတနင်္ဂနွေနေ့

ရှင်မာတေဦး ၅း ၁၇ - ၃၇

ယနေ့ဖတ်ရတဲ့ ဆာလံအလိုက်လိုပဲ "ဘုရားသခင်၏တရားတော်ကို လိုက်ကျင့်သောသူတို့သည် မင်္ဂလာရှိကြ၏" ဆိုတဲ့အတိုင်း တကယ်ကို မင်္ဂလာရှိတဲ့သူတွေ၊ အမှားကင်းမည့်သူတွေ၊ ပျော်စရာကောင်းတဲ့သူတွေ ဖြစ်ပါလိမ့်မယ်။ ဘဝမှာ ပျော်ချင်ရင်/ စိတ်ချမ်းသာသာနေနိုင်ချင်ရင် ဘယ်လိုနေထိုင်ရမလဲဆိုတာ ဘုရားက ဉာဏ်ပညာရှိရှိ ညွှန်ပြတော်မူပါတယ်။ ပျော်ချင်ရင် ဘုရားသခင်ရဲ့ပညတ်တော်ကိုသာ လိုက်ပါ။ စိတ်ချမ်းသာချင်ရင် ဘုရားရဲ့ပညတ်တော်တွေကို လိုက်နာပါ။ တကယ်မှန်တယ်။ ဒီပညတ်တော်တွေက ဘာကိုဖော်ပြနေသလဲဆိုတော့ "ကြည့်စမ်း . . ဘုရားက ဘယ်လောက်တောင် ဉာဏ်ပညာရှိသလဲဆိုတာ" လို့ ဖော်ပြနေတာနဲ့ အတူတူပဲ။ ဒီပညတ်တော်တွေကို ဘာသာပတွေကိုတောင် မပေးဘူး။ ကျနော်တို့ကို လမ်းမှားမရောက်စေဖို့ ပေးထားတာပါ။

လောကလူတွေကတော့ သိတဲ့အတိုင်းပဲ။ ကိုယ်မှန်တယ်ထင်ရင် မှန်တာပဲ။ ငါက ပညာရှိပြီးသား၊ ငါ့ဟာငါ ဘယ်ဟာမှန်တယ်/ ဘယ်ဟာမှားတယ်ဆိုတာ သိပြီးသား၊ ဘုရားက ဒီလို နေစေချင်တယ်၊ ဟိုလိုနေစေချင်တယ် လာမပြောနဲ့။ ငါ့ဟာငါ သိတယ်။ ကိုယ်ဖါသာကို လွတ်လွတ်လပ်လပ်နဲ့ နေမယ် ဆိုပြီး ဘုရားရဲ့ဉာဏ်ပညာကို မယုံဘူး။ ကိုယ့်ကိုယ်ကိုပဲ ယုံကြတယ်။ ဘုရားရဲ့ပညတ်တော်တွေကို ဘေးချိတ်ပဲ။ အခုခေတ်က ချုပ်ချယ်တာ မကြိုက်ပဲ ကိုယ့်သဘောနဲ့ ကိုယ်ပဲနေမယ်။ "မိဘတို့အား ရိုသေခြင်းကို ပြုလော၊ လူ၏အသက်ကို မသတ်နှင့်၊ သူ၏ပစ္စည်းဥစ္စာကို မခိုးနှင့်" တွေ ဘာတွေ လာမပြောနဲ့။ ငါ့အခြေအနေအရ ငါကြိုက်တာ လုပ်မယ်။ မိဘတွေကို ပြန်ပြောသင့်ရင် ပြောမယ်၊ ရိုင်းသင့်ရင် ရိုင်းရမှာပဲ။ ခိုးသင့်ရင် ခိုးရမှာပဲ။ လူသတ်သင့်ရင်လည်း သတ်ရမှာပဲ တဲ့လေ။

ဘုရားကတော့ ဘာသဘောနဲ့ ဒီပညတ်တော်တွေကို ပေးထားတာလဲ။ ဘုရားရဲ့သားသမီးတွေကို ဘယ်လိုနေထိုင်စေချင်လို့ ပေးထားတာလဲ။ ဘယ်လိုစိတ်ထား ရှိစေချင်တာလဲ ဆိုတာ အရေးကြီးဆုံးပါပဲ။ ဒါကြောင့် ပညတ်တော်က ရေးသားထားတဲ့အတိုင်း အပေါ်ယံ လိုက်နာရတာ မဟုတ်ဘူး၊ စိတ်ထားပြောင်းရမှာ။ ပညတ်တော်က ရေးသားထားတဲ့အတိုင်း ကျွန်တစ်ယောက်လို ကြောက်လို့ လိုက်နာရတာမဟုတ်ရဘူး။ ဘုရားက ရည်မှန်းထားတဲ့ စိတ်ကောင်းနှလုံးကောင်း ရှိနိုင်ဖို့အတိုင်း လိုက်နာရမှာ၊ ရိုင်းစိုင်းတဲ့စိတ်ထားကို ပြောင်းလဲရမှာ၊ မုန်းတီးနေတဲ့စိတ်ထားကို ပြောင်းလဲရမှာ (ပညတ်တော်ကို လျှေနံဒါးထစ် လိုက်နာရုံမကဘူး၊ စိတ်ထားပါ ပြောင်းရမှာ။ ဒါကြောင့် ဘုရားက ဉာဏ်ပညာကြီးလို့ ဒါတွေ ဒါတွေ လိုက်နာဖို့ ညွှန်ကြားထားသလို ဘုရားလိုပဲ ကျနော်တို့က ဒီလိုစိတ်ထားပြောင်းဖို့က အရေးကြီးတယ်ဆိုတဲ့ကြောင်းကိုပါ သိရမှာ ၊ ဘုရားလို ဉာဏ်ရှိရမှာ။

ဒီလို အရေးကြီးလို့ ယေရှုဘုရားရှင်က "ပညတ်တော်တွေကို ပယ်ဖျက်ခြင်းငှာ

ငါလာသည်ဟု မထင်ကြနှင့်။ ပယ်ဖျက်ခြင်းငှာ မဟုတ်၊ ပြည့်စုံစေခြင်းငှာ ငါလာသတည်း” ဘယ်လို ပြည့်စုံစေမှာလဲ။ ဘာတွေမပြည့်စုံသေးလို့လဲ။ ဥပမာ - “လူ့အသက်ကို မသတ်နှင့်” ဆိုတဲ့ ပညတ်တော်ကို လိုက်တဲ့အခါ လူမသတ်ရုံပဲ လိုက်နာရတာမဟုတ်ဘူး၊ စိတ်ထဲကပါ ဒေါသတောင် မထွက်ရဘူး တဲ့။ လူသတ်တာ/ မသတ်တာက အသာထားအုံး အဲဒီလူကို စိတ်တောင်မဆိုးနဲ့ တဲ့။ ဒေါသတောင် မထွက်ရဘူး လို့ တားမြစ်နေတာပါ။ ဒါအမှန်ဆုံးပဲ။ ဒေါသမထွက်မှတော့ ဘယ်လိုလုပ် လူသတ်ဖြစ်တော့မှာလဲ။ ကိုယ်ထိလက်ရောက် လူသတ်တာကို ရှောင်ဖို့ထက် ကိုယ်လုပ်ရမှာက ဒေါသကို မထွက်ဖို့ပဲ၊ စိတ်ကောင်းရှိဖို့ပဲ။ သည်းခံစိတ်ရှိဖို့ပါပဲ။ ဒါကြောင့် လူသတ်တယ်/မသတ်ဘူးဆိုတဲ့ အပြုအမူကို အရေးမထားပဲ ဒေါသကို မထွက်ဖို့ပဲ သင့်စိတ်ထားကို ပြင်ရမှာဖြစ်ပါတယ်။

နောက်ပြီး “သူ၏မယားကို မပြစ်မှားရ” ဆိုတဲ့ ပညတ်တော်မှာ သူ့မယားကို ကိုယ်ထိလက်ရောက် ကာမဂုဏ်ကျူးလွန်တာ/မကျူးလွန်တာထက် အမျိုးသမီးတစ်ဦးကို ကိလေသာစိတ်နဲ့တောင် မကြည့်ရဘူး တဲ့ ၊ ပြတ်ရော။ စိတ်ထားဖြူစင်ရမယ်လို့ အဓိကထားဖို့ ကျင့်ရမှာပါ။

“မိမိမယားနှင့် ကွာရှင်းချင်ရင် ဖြတ်စာရေး၊ ကွာရှင်းစာရေး အတည်ပြုတွေ ဘာတွေ လုပ်မနေနဲ့၊ ရာသက်ပန် ရိုးမြေကျ ပေါင်းဖို့ပဲ စိတ်ထားကိုပြင်ရမှာပါ။ ဘုရားက ပေါင်းဖက်ပေးထားတာကို လူက မခွဲရဘူး။

“မုသားစကားကို မပြောရ/ လိမ်ညာမပြောရ” တွေဘာတွေထက် ကိုယ်ကိုယ်တိုင်က အမှန်တရားကို မြတ်နိုးစိတ် သွင်းရမှာ၊ လက်ဆုပ်လက်ကိုင် ထားရမှာပါ။ ဒါတွေကို ပြောတာပေါ့၊ ယေဇူးဘုရားရှင်က ပညတ်တော်တွေကို လူတွေကျင့်ရာမှာ ပြည့်စုံစေဖို့ လာပြီး ပြုပြင်ပေးတော်မူတာပါ။ ဒါကြောင့်လည်းပဲ ဘုရားရဲ့ဉာဏ်ပညာက တကယ်ကို ကြီးမြတ်တာပါပဲ။

အဲဒီ ဘုရားရဲ့ဉာဏ်ပညာတော်ကို ရှင်ပေါလူးက ဘယ်လိုမြင်သလဲဆိုတာ ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ကော်ရိန်သုမြို့သူမြို့သားတွေထံရေးတဲ့စာ ပထမစောင် ၂ မှာ “ညီအစ်ကိုမောင်နှမအပေါင်းတို့ ငါတို့သည် ရင့်ကျက်သောသူတို့အလယ်၌ ဉာဏ်ပညာကို ပြောဆိုကြ၏။ သို့သော် ဤဉာဏ်ပညာသည် ဤခေတ်ကာလ၏လူများနှင့် ဧကန်မုချပျောက်ကွယ်သွားရမည့် အုပ်ချုပ်သူများ၏ဉာဏ်ပညာလည်း မဟုတ်ပေ။ (ဘုရားရဲ့ဉာဏ်ပညာက ပျောက်ကွယ်မသွားဘူး၊ ခေတ်တုံးမသွားဘူး တဲ့) ငါတို့ ပြောဆိုသော ဉာဏ်ပညာသည်ကား ငါတို့၏ဘုန်းဂုဏ်တော်အတွက်(ငါတို့ ဂုဏ်သိက္ခာရှိရှိ/မှန်မှန်ကန်ကန် မင်္ဂလာရှိသူတွေဖြစ်စေဖို့အတွက်) ဘုရားသခင်စီရင်ထားတော်မူသည့် ဉာဏ်ပညာဖြစ်တယ်” တဲ့။

ဒါကြောင့် ဘုရားရဲ့ပညတ်တော်တွေက လူတွေ ချစ်ကြဖို့၊ ခွင့်လွှတ်ကြဖို့၊ အတူယှဉ်တွဲပြီး ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်ကြဖို့ ဖြစ်လို့ အဲလိုကျင့်ကြံနေထိုင်တဲ့သူတွေက မင်္ဂလာရှိတာကိုး၊ ပျော်စရာကောင်းတာကိုး အခုမှပဲ သဘောပေါက်ပါတော့တယ်။ ဒါကြောင့် လူက ကိုယ့်အသိဉာဏ်နဲ့ကိုယ် မနေထိုင်ပဲ ဘုရားရဲ့ပညတ်တော်အတိုင်းသာ နေထိုင်ရင် ခင်ဗျား မမှားစေရဘူး၊ ပျော်စေရမယ် ကျနော် အာမခံတယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားရပါစေ။